**ASIA WORLD COMPANY LIMITED**
No. 61-62, BAHOSI DEVELOPMENT, WADAN STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL: 225271, 225982, 222422, 225184
FAX: +95 225184
www.asiaworldcompany.com

## Press Release

# အေးရှားဝေါလ်ကုမ္ပဏီ၏ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် - ဇန်နဝါရီလ ၂၂ ရက်၊ ၂၀၁၉ ခုနှစ်** - အေးရှားဝေါလ်ကုမ္ပဏီသည် ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် အရည်အသွေးများ မြှင့်တင်ပြီး ကုမ္ပဏီပုံရိပ်မြှင့်တင်ရန်နှင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးပြီး ယှဉ်ပြိုင်မှုများ များပြားနေသည့်ကာလအတွင်း ကုမ္ပဏီအနေဖြင့် ပြောင်းလဲနေသောခေတ်နှင့်တပြေးညီ အခွင့်အလမ်းသစ်များ ရှာဖွေရယူပြီး ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် သံဓိဋ္ဌာန်ချမှတ်လိုက်ပါသည်။

နေပြည်တော်ရှိ Horizon Lake View Resort တွင် နှစ်ရက်ကြာကျင်းပပြုလုပ်ခဲ့သော အေးရှားဝေါလ်ကုမ္ပဏီ၏ နှစ်ပတ်လည်အစည်းအဝေးတွင် ကုမ္ပဏီ၏ လုပ်ငန်းခွဲများမှ ခေါင်းဆောင်များ၊ အကြီးတန်းစီမံခန့်ခွဲသူများနှင့် လူငယ်ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး အေးရှားဝေါလ်ကုမ္ပဏီအား တည်ထောင်သူ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်မှ လတ်တလောကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စရပ်များကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ရိုက်ခတ်မှုရှိနေစဉ်အတွင်း အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် စိန်ခေါ်မှုအခက်အခဲများကို ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရန် ခိုင်မာစွာ ရပ်တည်နေနိုင်ပြီဖြစ်ကြောင်း ပြောကြားသွားခဲ့ပါသည်။

အေးရှားဝေါလ်ကုမ္ပဏီလုပ်ငန်းခွဲများအားလုံးသည် ၂၀၁၈ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးမှုကို ကြုံတွေ့ခဲ့ရပြီးနောက် ယခုကျင်းပသော နှစ်ပတ်လည်အစည်းအဝေး၏ ဦးတည်ချက်အာဘော် (Theme) ဖြစ်သည့် **"Re-Positioning Asia World: Our Values, Strategies and Our Brand"** သည် အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာရှိမှု၊ အရည်အသွေးမြင့်မားမှုနှင့် ယုံကြည်မှု စသည်တို့ကို ကုမ္ပဏီဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံမဏ္ဍိုင်များအဖြစ် ဖော်ဆောင်သွားပြီး လုပ်ငန်းများတိုးတက်ရေးအခွင့်အလမ်းသစ်များကို ရှာဖွေရယူသွားမည်ဖြစ် ကြောင်း ရည်ညွှန်းနေပါသည်ဟု ဦးထွန်းမြင့်နိုင်မှ ဆက်လက်ပြောကြားပါသည်။

"ယှဉ်ပြိုင်မှုတွေများပြားနေတဲ့ အခုလိုအချိန်မှာ ဒီအရည်အသွေးတွေဟာ အေးရှားဝေါလ်ကုမ္ပဏီအနေနဲ့ ကုမ္ပဏီရဲ့ မိတ်ဖက်လုပ်ငန်းရှင်တွေနဲ့ မြန်မာပြည်သူပြည်သားတွေအတွက် ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်းအနေနဲ့ ရပ်တည်ဖို့ မဖြစ်မနေလိုအပ်ပါတယ်။ EU ရဲ့ စီးပွားရေးဆိုင်ရာပိတ်ဆို့မှုတွေဖွင့်ပေးလိုက်ပြီးတဲ့ ခြောက်နှစ်တာကာလအတွင်း မြန်မာ နိုင်ငံစီးပွားရေးဟာ သိသိသာသာတိုးတက်လာပေမယ့် ရင်းနှီးမြှုပ်နှံမှုအရှိန်အဟုန်ကျလာပြီး လုပ်ငန်းလုပ်ကိုင်ဖို့ကုန် ကျစရိတ်တွေနဲ့ ယှဉ်ပြိုင်မှုတွေများပြားလာတာနဲ့အမျှ စီးပွားရေးတိုးတက်မှုက နှေးသွားပြန်ပါတယ်။ ဒီလိုအဘက်ဘက်က စီးပွားရေးဆိုင်ရာစိန်ခေါ်မှုတွေကို မတူညီတဲ့ နည်းလမ်းအသစ်၊ ဆန်းသစ်တဲ့တွေးခေါ်မှုတွေနဲ့ သုံးသပ်ချဉ်းကပ်ကြည့်ဖို့ လိုအပ်နေပါပြီ။"




*အေးရှားဝေါလ်ကုမ္ပဏီ၏ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်နေ့တွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပခဲ့နေစဉ်။*

"ထပ်မံပြီး ကျွန်တော်တို့ရဲ့ အားထားရတဲ့ Customer တွေ၊ သက်ဆိုင်ရာ စီးပွားရေးမိတ်ဖက်တွေနဲ့ မြန်မာနိုင်ငံက ပြည်သူတွေရဲ့ အကျိုးအမြတ်အတွက် ဆန်းသစ်ကောင်းမွန်တဲ့ နည်းလမ်းအသစ်တွေကို ရှာဖွေဖော်ထုတ်ပြီး ကျွန်တော်တို့ရဲ့ ရိုးသားပွင့်လင်းမှု၊ တာဝန်ကျေပွန်နိုင်မှုနဲ့ ယုံကြည်စိတ်ချရမှုဆိုတဲ့ တန်ဖိုးတွေအပေါ်ကို လေးလေးနက်နက်အခြေခံပြီး ရှေ့ဆက်ဆောင်ရွက်သွားမှာပါ။ အဲဒီ့အတွက် အေးရှားဝေါလ်အဖွဲ့သားတွေအနေနဲ့လည်း စုစုစည်းစည်း တညီတညွတ်တည်း ဆောင်ရွက်ကြရမှာပါ။" ဟု ဦးထွန်းမြင့်နိုင်က ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဦးထွန်းမြင့်နိုင်မှ "လွန်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဝင်ရောက်လာခဲ့တဲ့ ခရီးသည်အရေအတွက်က တစ်နှစ်ကို ၈.၆ ရာခိုင်နှုန်းတိုးတက်လာခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်ကတော့ ငါးနှစ်တာကာလအတွင်းမှာ ခရီးသည်ဝင်ရောက်မှုအနည်းဆုံးဖြစ်ခဲ့ပေမယ့် ကျွန်တော်တို့အနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆက်လက်အဆင့်မြှင့်တင်တိုးချဲ့မှုတွေ လုပ်ဆောင်နေကာ အစိုးရ၊ ပြည်သူလူထုနဲ့ ခရီးသွားလုပ်ငန်းနယ်ပယ်ထဲက သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ လက်တွဲပြီး ဈေးကွက်အသစ်တွေ ရရှိဖို့ဆောင်ရွက်နေပြီး အနာဂတ်လိုအပ်ချက်တွေအတွက် အသင့်ဖြစ်နေပါပြီ။" ဟု ပြောကြားခဲ့ပါသည်။

"ခရီးသည်ဝင်ရောက်မှုတွေ နှေးကွေးနေပေမယ့် အေးရှားဝေါလ်ကုမ္ပဏီရဲ့လုပ်ငန်းတစ်ခုဖြစ်တဲ့ YACL က ခရီးစဉ်အသစ်ခြောက်ခုကို တိုးချဲ့ပြေးဆွဲပေးဖို့ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရဲ့ အဓိကဝင်ပေါက်ထွက်ပေါက်တစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်နေခဲ့တဲ့အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆင့်မြှင့်တင်မှုတွေလည်း ပြုလုပ်ခဲ့ကာ လေဆိပ်အသုံးပြုသူတွေအနေနဲ့ ကောင်းမွန်တဲ့ခရီးသွားအတွေ့အကြုံတွေရရှိခံစားနိုင်ရေးဝန်ဆောင်မှုပေးနိုင်ခဲ့ပါ

**ASIA WORLD COMPANY LIMITED**
No. 61-62, BAHOSI DEVELOPMENT, WADAN STREET, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL: 225271, 225982, 222422, 225184
FAX: +95 225184
www.asiaworldcompany.com

တယ်။" ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက်ရှိသည့် Yangon Aerodrome Company Limited ၏ CEO Mr. Ho Chee Tong မှ ပြောကြားခဲ့ပါသည်။

"ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ၂၀၁၈ ခုနှစ်အတွင်း ခရီးသည် ၆.၀၃၅ သန်းကို လက်ခံကိုင်တွယ်ဝန်ဆောင်မှု ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်နဲ့နှိုင်းယှဉ်ရင် တိုးတက်မှုနှုန်း နှစ်ရာခိုင်နှုန်းလောက်ပဲရှိတာက ငါးနှစ်တာကာလအတွင်း ခရီးသည်ဝင်ရောက်မှုအနေးကွေးဆုံးအခြေအနေကိုဖော်ပြနေပါတယ်။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့နှစ်အတွင်းမှာ ကျွန်တော်တို့ရဲ့ နည်းပညာပိုင်းနဲ့ ဘေးကင်းလုံခြုံရေးဆိုင်ရာကဏ္ဍတွေမှာ စွမ်းဆောင်ရည်တွေ မြှင့်တင်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာခရီးစဉ်သစ်ငါးခုနဲ့ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းသစ်သုံးလိုင်းလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စတင်ချိတ်ဆက်ပြေးဆွဲပျံသန်းပေးနိုင်ခဲ့တဲ့အပြင် ဟိုတယ်နဲ့ခရီးသွားလာရေးဝန်ကြီးဌာန၊ အခြား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းတွေနဲ့လည်း တက်ကြွစွာ အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

"အဆင့်မြင့်နည်းပညာအသုံးပြုတဲ့ ခေတ်မီဆိပ်ကမ်းလုပ်ငန်းတစ်ခုအဖြစ်ရည်တည်ဖို့ ရည်ရွယ်ထားတဲ့ အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) အနေနဲ့လည်း ၂၀၁၈ ခုနှစ် အစောပိုင်းကတည်းက ဆိပ်ကမ်းသုံးခေတ်မီစက်ယန္တရားအသစ် ၁၄ ခုကို ဝယ်ယူတပ်ဆင်ပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်ခဲ့ပါတယ်။ ဒီလိုအကြီးစားရင်းနှီးမြှုပ်နှံမှုပြုလုပ်ပြီးတော့ အေးရှားဝေါလ်ဆိပ်ကမ်းမှာ အရင်က ကုန်သေတ္တာငါးလုံးပဲ စီထပ်နိုင်ရာကနေ အခုကုန်သေတ္တာခုနစ်လုံးအထိ တိုးမြှင့်စီထပ်နိုင်ပြီး လုပ်ငန်းစွမ်းဆောင်မှုအပိုင်းမှာ ၃၃ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ ဒီစက်ယန္တရားအသစ်တွေက အေးရှားဝေါလ်ဆိပ်ကမ်းလည်ပတ်မှုလုပ်ငန်းတွေကို ပိုမိုမြန်ဆန်လာစေပြီး လုပ်ငန်းဆောင်ရွက်မှုပိုမိုတွင်ကျယ်လာစေကာ အေးရှားဝေါလ်ဆိပ်ကမ်းအသုံးပြုသူတွေအတွက် အကျိုးကျေးဇူးများစွာ ရရှိလာစေမှာဖြစ်ပါတယ်။ လုပ်ငန်းလည်ပတ်ဖို့ ကြာမြင့်ချိန်ကိုလည်း အများကြီးလျော့ချပေးနိုင်မှာဖြစ်ပြီးတော့ ပိုမိုကောင်းမွန်သာလွန်တဲ့ ဝန်ဆောင်မှုတွေ ပေးစွမ်းလာနိုင်မှာ ဖြစ်ပါတယ်။" ဟု အေးရှားဝေါလ်ဆိပ်ကမ်းကို စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက်ရှိသည့် Asia World Port Management Co. Ltd (AWPM) ဥက္ကဋ္ဌ ဦးစိုင်းမြင့်သိန်းက ပြောကြားခဲ့ပါသည်။

၁၉၉၂ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သော အေးရှားဝေါလ်ကုမ္ပဏီ၏ ယခုကျင်းပသော နှစ်ပတ်လည်အစည်းအဝေးသည် ပဉ္စမအကြိမ်မြောက်ပြုလုပ်ကျင်းပခြင်းဖြစ်ပါသည်။ ယခုကျင်းပသော အစည်းအဝေးတွင် ပြင်ပဧည့်သည်နှစ်ဦးအား ဖိတ်ခေါ်တက်ရောက်စေခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် ၎င်းတို့၏ ထင်မြင်ချက်များကို မျှဝေပြောကြားစေခဲ့ပါသည်။

အေးရှားဝေါလ်ကုမ္ပဏီ၏ လုပ်ငန်းခွဲများသည် အခြေခံအဆောက်အအုံ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေတိုးတက်ဖွံ့ဖြိုးရေး နှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စွမ်းအင်၊ ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဖြန့်ချိရေး နှင့် အရောင်းဆိုင်ခန်းများ၊ အာမခံလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိပြီး အေးရှားဝေါလ်ကုမ္ပဏီတွင် ဝန်ထမ်းပေါင်း ၈၀၀၀ ကျော် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

– END –

## About Asia World Company Limited (AWC)

## A Journey Together in Myanmar

အေးရှားဝေါလ်ကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် ကုန်သွယ်ရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပါသည်။ အေးရှားဝေါလ်ကုမ္ပဏီသည် အခြေခံအဆောက်အအုံ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေတိုးတက်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စွမ်းအင်၊ ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ ဖြန့်ချိရေး နှင့် အရောင်းဆိုင်ခန်းများ၊ အာမခံလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိပါသည်။

ကုမ္ပဏီစတင်တည်ထောင်ခဲ့ချိန်မှစ၍ ယနေ့အထိ ဆယ်စုနှစ်နှစ်ခုကျော်အတွင်း အေးရှားဝေါလ်ကုမ္ပဏီမှ အရည်အချင်းပြည့်ဝပြီး တက်ကြွစိတ်အားထက်သန်သော ဝန်ထမ်းပေါင်း ၈၀၀၀ ကျော်ကို ပျိုးထောင်လေ့ကျင့်ပေးခဲ့ပြီးဖြစ်ပါသည်။ အေးရှားဝေါလ်ကုမ္ပဏီအနေဖြင့် မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်လုပ်ငန်းစုများ၊ ဝန်ထမ်းများနှင့် ပြည်သူလုထုအကြား အပြန်အလှန်အကျိုးပြုသည့် ဆက်နွယ်မှုကို အလေးထားယုံကြည်ပါသည်။

အေးရှားဝေါလ်ကုမ္ပဏီသည် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှု၊ ရိုးသားပွင့်လင်းမှု နှင့် စီမံခန့်ခွဲမှုတို့တွင် ဂုဏ်ယူဝင့်ကြွားစွာ၊ အဆင့်အတန်းမြင့်မားစွာဖြင့် ရပ်တည်လျက်ရှိပါသည်။ ရှေ့ဆက်၍လည်း အေးရှားဝေါလ်ကုမ္ပဏီ၏ လုပ်ဆောင်ချက်များတွင် အကောင်းမွန်ဆုံးရလဒ်များ ထွက်ပေါ်လာရေးဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။